# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 21, 2020 Volume 27, Number 13


## သုံးလကျော်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာသန်း ၁၂၀ ကျော်ရှိ

ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ဇန်နဝါရီလ ၁၀ ရက်နေ့အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/အတည်ပြုပေးခဲ့မှုအနေနှင့် အမေရိကန်ဒေါ်လာ ၁၂၈ ဒသမ ၄၀၀ သန်းအပါအဝင် ကျပ် ၇၁၆,၄၅၁ ဒသမ ၂၈၄ သန်းရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှသိရသည်။ ယင်းကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၃၁ ခု၊ အမေရိကန်ဒေါ်လာ ၁၀၇ ဒသမ ၄၇၆ သန်းအပါအဝင် ကျပ် ၆၁၆,၂၃၇ ဒသမ ၉၈၀ သန်းအပါအဝင် ကျပ် ၆၁၆,၂၃၇ ဒသမ ၉၈၀ သန်းရှိပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၂၈ ဒသမ ၄၀၀ သန်းအပါအဝင် ကျပ် ၇၁၆,၄၅၁ ဒသမ ၂၈၄ သန်း ရင်းနှီးမြှုပ်နှံထားကြခြင်းဖြစ်သည်။ "တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့လုပ်ငန်း တွေကို ဦးစားပေးပါတယ်။ MIC ကို တင်ပြလာတိုင်းမပေးပါဘူး။ သဘာဝပတ်ဝန်းကျင်ထိခိုက်စေမယ့် လုပ်ငန်းမျိုးဆိုရင် အစည်းအဝေးမှာကတည်းက လက်မခံဘူးဆိုတာ တစ်ခါတည်းပြောထားတာပါ။ အဆိုပြုချက်စိစစ်ရေးအဖွဲ့က အဆိုပြုလာတဲ့ ရင်းနှီးမြှုပ်နှံမှုကို ၁၅ ရက်အတွင်း လက်မခံရင် လက်မခံတဲ့ အကြောင်း ပြောလိုက်တာပါ" ဟု ရင်းနှီး မြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနှင့် ဇန်နဝါရီလ ဒုတိယရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဆိုပြုလုပ်ငန်း ၄ ခု၊ အတည်ပြုလုပ်ငန်း ၁၇ ခုခွင့်ပြုပေးခဲ့ပြီး ယင်းလုပ်ငန်း ၂၁ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၁၀ ဒသမ ၄၅၁ သန်းရှိကာ လုပ်ငန်း ၂၁ ခုမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၀,၁၀၂ ဦးကို ဖန်တီးပေးမည်ဖြစ်သည်။ အဆိုပါခွင့်ပြုပေးလိုက်သည့်လုပ်ငန်းများမှာ လျှပ်စစ်ကဏ္ဍမှ ၁ ခု၊ အိမ်ရာ အဆောက်အအုံကဏ္ဍမှ ၁ ခု၊ အခြားဝန်ဆောင်မှုကဏ္ဍမှ ၁ ခု၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍမှ ၁ ခု နှင့် စက်မှုကဏ္ဍမှ ၁၇ ခုဖြစ်သည်။

Source: The Voice, https://news.ydnp.net/324949/

### ၂၁.၁.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၆၆/-US$ |
| မြန်မာ့ရွှေဈေး | = ၁,၂၁၈၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၆၇/- ကျပ် |
| CBM Rate | = ၁၄၆၅.၀ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၂၄.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၈၅.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၀၆.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၃၂.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၀၃.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၂.၁၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၅၇၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၅.၄၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၅၉.၆၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၂၁၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## တရုတ်နှစ်သစ်ကူးအမီ ဖရဲ၊ သခွားမွှေးတင်ပို့မှုများနေ၍ ကျင်စမ်းကျော့ဂိတ်တွင် သစ်သီးကားများ ပိတ်ဆို့



တရုတ်နှစ်သစ်ကူး နီးကပ်လာသဖြင့် ပြည်တွင်းမှ ဖရဲ၊ သခွားမွှေးတင်ပို့မှုများခြင်းကြောင့် တရုတ်နိုင်ငံဝင်ပေါက် ကျင်စမ်းကျော့ဂိတ်တွင် ယမန်နေ့က သစ်သီးတင်ကားအစီး ၇၀၀ ကျော် ပိတ်ဆို့ခဲ့ကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း (မူဆယ်) ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်က ပြောသည်။ ဇန်နဝါရီ ၂၀ ရက်နံနက်ကတည်းက သစ်သီးကားများ ပိတ်ဆို့နေခြင်းဖြစ်ပြီး နောက်ရက်များတွင် ဆက်လက်ပိတ်ဆို့ဖွယ်ရှိကြောင်း ဦးဝင်းအောင်ခန့်က ပြောကြားသည်။ ပုံမှန်တစ်ရက်လျှင် သစ်သီးတင်ကားအစီးရေ ၄၀၀ ကျော်သာ ဖြတ်သန်းနေသော ကျင်စမ်းကျော့ဂိတ်၌ ယခုရက်ပိုင်း ကုန်တင်ကားအစီးရေတိုးလာသဖြင့် နယ်စပ်ဖြတ်သန်းခွင့် အချိန်ပိုစောင့်နေရသည်ဟု ၎င်းကဆိုသည်။ “နယ်စပ်ဝင်ပေါက်မှာ တရုတ်အရာရှိက စစ်တာကြာတာလည်းပါတယ်” ဟု သစ်သီးကားများပိတ်မိနေရခြင်းနှင့်ပတ်သက်ပြီး မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် သစ်သီးဝလံကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးစိုင်းမြင့်ဗိုလ်က ပြောသည်။ ယာဉ်ကြောပိတ်ဆို့မှုကြောင့် သစ်သီးများကားပေါ်တွင် အချိန်ကြာမြင့်ပါက အရည်အသွေးပိုင်းကျဆင်းပြီး တန်ဖိုးလျော့ကျမှုများရှိလာနိုင်သည်ဟု ၎င်းကပြောသည်။

လက်ရှိမူဆယ်နယ်စပ်တွင် ဖရဲတစ်တန်လျှင် တရုတ်ငွေယွမ် ၂,၈၀၀ မှ ၃,၅၀၀ ကြား၊ သခွား မွှေးတစ်တန်လျှင် တရုတ်ငွေနှစ်ယွမ်ခွဲမှ ခြောက်ယွမ်ခွဲကြား ဈေးဖွင့်သည်။ နယ်စပ်တွင် တရုတ်ငွေတန်ဖိုးသည် တစ်ယွမ်လျှင် ၂၀၈ ကျပ် ဈေးရှိသဖြင့် ဖရဲတစ်တန်လျှင် ကျပ်ငါးသိန်းရှစ်သောင်းမှ ခုနစ် သိန်းသုံးသောင်းကြား၊ သခွားမွှေး တစ်ကီလိုလျှင် ကျပ် ၅၂၀ မှ ၁,၃၅၀ အကြားဈေးရရှိသည်။ နှစ်သစ်ကူးပိတ်ရက်အဖြစ် ဇန်နဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်ကြာ သစ်သီးတင်သွင်းမှု ကို တရုတ်ဘက်ကရပ်နားမည် ဟု အသိပေးကြေညာထားသည်။ ထိုအခြေအနေက မြန်မာပြည်အလယ်ပိုင်းဒေသ ဖရဲ၊ သခွားစိုက်ပျိုးသော တောင်သူများနှင့် ကုန်သည်များအတွက် ယခုရက်ပိုင်း ပိုမိုတင်ပို့ရန် တွန်းအား ဖြစ်စေပြီး တရုတ်ကုန်သည်များကလည်း မြန်မာမှတင်ပို့သော ဖရဲ၊ သခွားမွှေးများကို အားလုံးနီးပါးဝယ်ယူနေသည်ဟု ဦးစိုင်းမြင့်ဗိုလ်ကပြောသည်။ တရုတ်မှ ဝယ်လိုအားကောင်းနေခြင်းကြောင့် ဖရဲ၊ သခွားမွှေး ကုန်စည်ပို့ဆောင်ခများလည်း မြင့်တက်လာသည်။

မန္တလေးတိုင်းမှ မူဆယ်သို့ ဖရဲသီးတင်ဆောင်သည့် ၁၂ ဘီးကားတစ်စီး၏ ကုန်စည်ပို့ဆောင်ခသည် ကျပ် ၁၂ သိန်းရရှိလာကြောင်း ဦးဝင်းအောင်ခန့်ကပြောသည်။ အဆိုပါကုန်စည်ပို့ဆောင်ခသည် ပြီးခဲ့သည့် သီတင်းပတ်ထက် ကျပ်သုံးသိန်းကျော် တက်လာခြင်းဖြစ်သည်။ ၂၀၁၉ နှစ်ဆန်းကလည်း နယ်စပ်တွင်ဖြစ်ပွားခဲ့သော တိုက်ပွဲအချို့ကြောင့် ကျင်စမ်းကျော့ဂိတ် နှစ်ပတ်ခန့်ခေတ္တပိတ်ခဲ့ရ၍ မြန်မာနိုင်ငံအလယ်ပိုင်းရှိ ဖရဲ၊ သခွားစိုက်တောင်သူများ အခက်အခဲများစွာကြုံတွေ့ခဲ့ရသည်။ လမ်းခရီးတွင် အချိန်ကြာမြင့်မှုကြောင့် သစ်သီးအရည်အသွေးပိုင်းထိခိုက်ပြီး တရုတ်ကဈေးနှိမ်ဝယ်ယူခြင်းကြောင့် တောင်သူများဆုံးရှုံးမှုများခဲ့သည်။

**Source:** https://7day.news/–176416

## မီးလင်းချိုင့် LNG သုံး ဓာတ်အားပေးစက်ရုံ အရှိန်မြှင့်ရေး တရုတ်သမ္မတခရီးစဉ်အတွင်း လက်မှတ်ရေးထိုး

ဒေါ်လာနှစ်ဘီလီယံခွဲ တန်ဖိုးရှိသည့် မီးလင်းချိုင့် LNG သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေး အရှိန်အဟုန်မြှင့်တင်ရန် နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ကြောင်း Supreme Trading ကုမ္ပဏီက သတင်းထုတ်ပြန်သည်။ အဆိုပါစီမံကိန်းသည် တရုတ်သမ္မတခရီးစဉ်အတွင်း နှစ်နိုင်ငံလက်မှတ်ရေးထိုးသည့် စာချွန်လွှာ ၃၃ ခုအနက် တစ်ခုဖြစ်သည်။ ထိုစီမံကိန်းအတွက် Yunnan Provincial Energy Investment ကုမ္ပဏီအုပ်စု၊ Union Resource Engineering, Zhefu ကုမ္ပဏီနှင့်ပြည်တွင်းမှ Supreme Trading တို့က လက်မှတ်ရေးထိုးမှုကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အသိအမှတ်ပြုလက်မှတ်ရေးထိုးခဲ့သည်။ ထိုစီမံကိန်းသည် မဂ္ဂါဝပ် ၁၃၉၀ ထုတ်လုပ်မည့် ဓာတ်အားပေးစက်ရုံဖြစ်ပြီး ၂၀၂၃ တွင် ဓာတ်အားစတင်ထုတ်လုပ်မည်ဟု ကုမ္ပဏီကဆိုသည်။ ထိုစီမံကိန်း၌ ဓာတ်အားပေးစက်ရုံအပြင် ၂၃၀ ကေဗီဓာတ်အားလိုင်း

မိုင် ၈၀ ကျော်နှင့် ၅၀၀ ကေဗီ ဓာတ်အားလိုင်း မိုင် ၁၃၀ ကျော် ပါဝင်မည်ဟု ကုမ္ပဏီကထုတ်ပြန်ထားသည်။ ၂၀၂၂ တွင် မဂ္ဂါဝပ် ၄၇၀ စတင်ထုတ်လုပ်မည်ဖြစ်ပြီး စီမံကိန်းတစ်ခုလုံးပြီးစီးပါက မဂ္ဂါဝပ် ၉၀၀ ကို ရန်ကုန်တိုင်းသို့ပို့လွှတ်မည်ဖြစ်သည်။

ထိုစီမံကိန်း လျှပ်စစ်ဓာတ်အားတစ်ယူနစ်လျှင် ကျပ် ၁၀၀ နှုန်းဖြင့် အစိုးရကဝယ်ယူရန် ပဏာမသဘောတူထားသည်ဟု ဆိုသည်။ ယခုစီမံကိန်းသည် ၂၀၁၈ တွင် ဝန်ကြီးဌာနက စတင်ခွင့်ပြုသည့် ဒေါ်လာငါးဘီလီယံတန်ဖိုးရှိသည့် LNG သုံး ဓာတ်အားပေးစီမံကိန်းလေးခုတွင်ပါဝင်သည်။

Source: https://7day.news/%E1%80%99%E1%80%AE%E1%80%B8%E1%80%9C%E1%80%80% 84%E1%80%BA%E1%8

## လက်ရှိဘဏ္ဍာနှစ်အတွင်း ကော်ဖီတန်ချိန်တစ်ထောင်ခန့် တင်ပို့ရန်လျာထား



ယခု၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ကော်ဖီတန်ချိန်တစ်ထောင်ခန့် တင်ပို့ရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းထံမှသိရသည်။ အသင်းဥက္ကဌ ဦးမျိုးအေးက “ဒီနှစ်ပြည်ပကို ကော်ဖီတန်ချိန် ၈၀၀ ကနေ ၁၀၀၀ ကြားတင်ပို့ဖို့မျှော်မှန်းထားတယ်။ ဈေးကွက်လည်းကောင်းသလို တိုးတက်စိုက်ပျိုးဖို့လည်း လိုအပ်တယ်။ ကျွန်တော်တို့ဆီမှာက အာရေဗီးကား အများဆုံးထုတ်လုပ်တယ်။ ဒီထဲမှာ အထူးတန်းဝင်ကော်ဖီကဈေးပိုရတယ်။ အရည်အသွေးမြင့်ရင် တစ်တန်ကို ကန်ဒေါ်လာ ၄၅၀၀ ကနေ ၁၀၀၀၀ လောက်အထိရတယ်။ ဈေးကောင်းရတာကလည်း နိုင်ငံရဲ့မူလရင်းမြစ်အစရယ်၊ သဘာဝအတိုင်း ထုတ်လုပ်တာရယ်၊ ထူးခြားတဲ့ အရည်အသွေးရယ်ကြောင့်ဖြစ်တယ်”ဟုပြောသည်။ မြန်မာ့ကော်ဖီများကို ထိုင်ဝမ်၊ အမေရိကန်၊ ထိုင်း၊ ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ ကနေဒါ၊ တောင်ကိုရီးယား၊ ဂျပန်၊ ပြင်သစ်နှင့် ဆွစ်ဇာလန်စသည့် နိုင်ငံများသို့ တစ်နှစ်လျှင် ပျမ်းမျှတန်ချိန် ၈၅၀ ခန့် တင်ပို့လျက်ရှိပြီး ယခုနှစ်တွင် ပိုမိုတင်ပို့နိုင်ရန် မျှော်မှန်းထားခြင်း ဖြစ်သည်။ ထို့အတူ ကော်ဖီကို ပြည်တွင်း၌သုံးစွဲမှုမြင့်မားလာခြင်းကြောင့် ပြည်ပက ကန်ဒေါ်သန်း ၁၀၀ ခန့် ကုန်ကျခံတင်သွင်းနေရခြင်းကို လျှော့ချနိုင်ရန် စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကော်ဖီစိုက်ဧက ဟက်တာ ၁၀၀၀၀၀ အထိ တိုးမြှင့်စိုက်ပျိုးရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် အရည်အသွေးမြင့်ကော်ဖီတန်ချိန် ၆၀၀၀၀ အထိ ထုတ်လုပ်ရန်မျှော်မှန်းထားကြောင်းသိရသည်။ “ရှမ်းပြည်နယ်နဲ့ ရှင်းထွက်အဆင့်မြင့် ကော်ဖီတွေကို ထုတ်လုပ်တင်ပို့နိုင်ဖို့ကြိုးပမ်းနေသလို ချင်းပြည်နယ်က ဈေးကွက်ရှိတဲ့ကော်ဖီကို ဈေးကွက်ချိတ်ဆက်တင်ပို့နိုင်ရေး အစီအစဉ်တွေ တိုးမြှင့်ဆောင်ရွက်နေတယ်”ဟု အဆိုပါအသင်း နာယက ဦးရဲမြင့်ကပြောသည်။ နိုင်ငံအတွင်း ကော်ဖီစိုက်ပျိုးမှု ဟက်တာ ၂၀၀၀၀ ခန့် (၄၉၀၀၀ ဧကကျော်) မှ တန်ချိန် ၇၀၀၀ ခန့် ထွက်ရှိကြောင်း၊ ၎င်းအနက် ပရီမီယံအဆင့် အထူးအရည်အသွေးကော်ဖီတန်ချိန် ၁၀၀၀ ခန့် ထုတ်လုပ်နိုင်ကြောင်း သိရသည်။ နိုင်ငံတွင်း ကော်ဖီစိုက်ပျိုးမှု၏ ၈၀ ရာခိုင်နှုန်းမှာ မြောက်ပိုင်းကုန်းမြင့်ဒေသစိုက် အာရေဗီးကားကော်ဖီများဖြစ်ပြီး ကျန်၂၀ ရာခိုင်နှုန်းမှာ တောင်ပိုင်းရှိ မြေနိမ့် ဒေသများတွင်စိုက်သည့် ရိုဘတ်စတာကော်ဖီမျိုးများဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံက ဘလူးမောင်တိန်ကော်ဖီမျိုးအပါအဝင် အာရေဗီးကားကော်ဖီ၁၂ မျိုးခန့် စိုက်ပျိုးထုတ်လုပ်နေပြီး နှစ်စဉ်ဒီဇင်ဘာလမှ မတ်လအထိ ခူးဆွတ်ကာလဖြစ်သည်။မြန်မာနိုင်ငံ၏ ပရီမီယံအဆင့်အထူးကော်ဖီ၏ ရနံ့သည် သင်းပျံ့မွှေးကြိုင်ကာသမမျှတသည့် အရသာကြောင့် နိုင်ငံတကာကော်ဖီဈေးကွက်၌ အသိအမှတ်ပြုမှု များ ရရှိနေသလို ကော်ဖီနမူနာအများစုသည် မြည်းစမ်းသူများကပေးအပ်သော အမှတ် ၈၅ မှတ်ကျော်အထိ ရရှိခဲ့ရာ အထူးကောင်းမွန်သည့်ကော်ဖီအဖြစ် အသိအမှတ်ပြုကြကြောင်းသိရသည်။ ကော်ဖီကဏ္ဍ ဖွံ့ဖြိုးလာစေရန် မျိုးစေ့ထုတ်လုပ်ခြင်းနှင့် အရည်အသွေး ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ မျိုးကောင်း၊ မျိုးသန့်များကို ထုတ်လုပ်ရာတွင် ဆောင်ရွက်ရမည့်ကျင့်စဉ်များ၊ နည်းပညာနှင့် လူ့စွမ်းအားဖွံ့ဖြိုးရေး ဆောင်ရွက်ရာ၌ လိုအပ်သည့် စိုက်ပျိုးရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များရရှိရန် ကြိုးပမ်းနေကြောင်းသိရသည်။ ထို့ပြင် ကော်ဖီ

ဈေးကွက် ရှာဖွေရေးအတွက် စိုက်ပျိုးထုတ်လုပ်ရောင်းချမှု အားပေးမြှင့်တင်နိုင်ရေး ဆိုင်ရာများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးထားကြောင်းသိရသည်။ စိုက်ပျိုးရေးဦးစီးဌာနက ကော်ဖီခြံများကို ဒေသအလိုက်အထူးဇုန်အဖြစ် ရည်မှန်းချက်ချမှတ်ပြီး စိုက်ပျိုးနိုင်ရေးအတွက်ဒေသတွင်းမှတစ်ပိုင်တစ်နိုင်ခြံရှင်များကိုစီးပွားဖြစ်စိုက်ပျိုးသည်အထိ စည်းရုံးရန် လိုအပ်သလို ခေတ်မီတောင်စောင်းနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေးအတွက် နည်းပညာများ ပေးနေသည်။ ပြင်ဦးလွင်ရှိ ကော်ဖီစိုက်တောင်သူဦးစိုင်းမျိုးအောင်က "ကော်ဖီသီးနှံက ပြည်တွင်းရော၊ ပြည်ပကိုသာ စားသုံးမှုမြင့်မားတဲ့ သီးနှံဖြစ်လို့ ဈေးကွက်အတွက် စိတ်မပူရပေမယ့် ဒီလိုတွေလုပ်နိုင်အောင်ဆိုရင် စိုက်မယ်ဆိုကတည်းက နှစ်ရှည်ပင်လည်းဖြစ်တယ်၊ မြေနေရာအတွက် အရင်းအနှီးလည်းကြီးတော့ ဒါတွေကို စနစ်တကျဖြစ်လာဖို့လိုတာ။ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီးတော့ စိုက်ချင်တဲ့ဒေသတွေမှာ ပျိုးပင်တွေ ဖြန့်ချိပေးနိုင်အောင် ဒေသဆိုင်ရာကနေ ပံ့ပိုးကူညီပေးဖို့ လိုအပ်တယ်"ဟုပြောသည်။

ကော်ဖီကို ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင်စိုက်ပျိုးသည်။ ဈေးကွက်ပေါက်ဈေးနှင့် ကော်ဖီ အမျိုးအစားအပေါ်မူတည်၍ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၀၀၀ မှ ၄၀၀၀ ကြားရရှိပြီး ဈေးကွက်ဝေစုမှ ၁၁ ရာခိုင်နှုန်းခန့် တိုးတက်လာကြောင်းသိရသည်။

**မြန်မာတောင်သူကြီးများဂျာနယ်**

**Source:** http://htwettoe.com/article-details/news/8640925

## ကမ္ဘာ့ရွှေ ခုနစ်ဒေါ်လာဝန်းကျင်တက်ပြီး မြန်မာ့ရွှေတစ်ကျပ်သားကို ကျပ် ၁၂၁၈၅၀၀ ဖြစ်




ဇန်နဝါရီ ၂၁ရက်နေ့ မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဈေးတစ်ကျပ်သားကို ကျပ်၁၂၁၈၅၀၀ ဖြစ်ပါတယ်။ မန္တလေးဈေး တစ်ကျပ်သားကို ကျပ်၁၂၁၈၅၀၀ ဖြစ်ပါတယ်။ဇန်နဝါရီ ၂၀ ရက်နေ့ ု မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ် ၁၂၁၅၅၀၀ ဖြစ်ပါတယ်။ မန္တလေးဈေး တစ်ကျပ်သားကို ကျပ် ၁၂၁၅၅၀၀ ဖြစ်ပါတယ်။ အပိတ်ဈေးက အောင်သမာဓိ ရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ်၁၂၁၆၀၀၀ ဖြစ်ပါတယ်။ မန္တလေးဈေး တစ်ကျပ်သားကို ကျပ် ၁၂၁၆၀၀၀ ဖြစ်ပါတယ်။

ဇန်နဝါရီ ၁၉ ရက်နေ့ မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဆိုင်ပိတ်ပါတယ်။ မန္တလေးဈေးတစ်ကျပ်သားကို ကျပ် ၁၂၁၅၀၀၀ ဖြစ်ပါတယ်။ ဇန်နဝါရီ ၁၈ရက်နေ့ မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဈေးတစ်ကျပ်သားကို ကျပ် ၁၂၁၃၀၀၀ ဖြစ်ပါတယ်။ မန္တလေးဈေး တစ်ကျပ်သားကို ကျပ် ၁၂၁၃၀၀၀ ဖြစ်ပါတယ်။ ကမ္ဘာ့ရွှေဈေးကတော့ ဇန်နဝါရီ ၂၁ ရက်နေ့ တစ်အောင်စကို ၁၅၆၇ ဒေါ်လာဖြစ်ပါတယ်။ ဇန်နဝါရီ ၂၀ ရက်နေ့ တစ်အောင်စကို ၁၅၆၀ ဒေါ်လာ ဖြစ်ပါတယ် ။ ဇန်နဝါရီ ၁၉ ရက်နေ့ တစ်အောင်စကို ၁၅၅၇ ဒေါ်လာဖြစ်ပါတယ်။ ဇန်နဝါရီ ၁၈ရက်နေ့ တစ်အောင်စကို ၁၅၅၇ ဒေါ်လာဖြစ်ပါတယ်။ ဇန်နဝါရီ ၁၇ရက်နေ့ တစ်အောင်စကို ၁၅၅၅.၉ ဒေါ်လာဖြစ်ပါတယ်။

**Source:** https://www.kumudranews.com/news-36831

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမသုံးလအတွင်း တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်ဖြင့် ကုန်သွယ်မှု ကျပ် ၁၄ ဒသမ ၁ ဘီလီယံကျော်ရှိ

နယ်စပ်ကုန်သွယ်ရေး စခန်းများ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမ သုံးလအတွင်း တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်(ITC) ဖြင့် ကုန်သွယ်မှုပမာဏမှာ ကျပ် ၁၄ ဒသမ ၁ ဘီလီယံကျော်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမ သုံးလ ဖြစ်သည့် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက် အထိ ကာလ အတွင်း တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်(ITC) ၂၃

ကတ် ခွင့်ပြု ထုတ်ပေးခဲ့ကြောင်း သိရသည်။အဆိုပါ တစ်ဦးချင်း ကုန်သွယ်မှု လုပ်ငန်းရှင် မှတ်ပုံတင် လက်မှတ်(ITC) ၂၃ ကတ်ဖြင့် ကုန်သွယ်မှု ပမာဏ ကျပ် ၁၄ ဒသမ ၁ ဘီလီယံကျော် (၁၄,၁၂၇,၀၄၃,၈၆၃)တွင် ပို့ကုန် တန်ဖိုးမှာ ကျပ် ၁ ဒသမ ၄ ဘီလီယံကျော်( ၁,၄၀၂,၃၁၆,၄၀၆) ရှိပြီး သွင်းကုန်တန်ဖိုးမှာ ကျပ် ၁၂ ဒသမ ၇ ဘီလီယံကျော် (၁၂,၇၂၄,၇၂၇,၄၅၇) ရှိကြောင်း သိရသည်။

ယင်းကုန်သွယ်မှုများ အနက် မြဝတီ နယ်စပ် ကုန်သွယ်ရေး စခန်း၌ ITC ဖြင့် ကုန်သွယ်မှု ပမာဏမှာ အများဆုံးဖြင့် ကျပ် ၈ ဒသမ ၅ ဘီလီယံကျော်(၈,၅၂၇,၄၂၆,၂၄၅) ရှိကြောင်း သိရသည်။တစ်ဦးချင်း ကုန်သွယ်မှု လုပ်ငန်းရှင် မှတ်ပုံတင် လက်မှတ်(ITC)အား ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ စတင် ထုတ်ပေး ခဲ့ပြီး ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ စုစုပေါင်း ITC ကတ် အရေအတွက် ၁,၇၁၀ ကတ် ထုတ်ပေးထားပြီး ဖြစ်ကြောင်း သိရသည်။တစ်ဦးချင်း ကုန်သွယ်မှု လုပ်ငန်းရှင် မှတ်ပုံတင် လက်မှတ်(ITC)အား တရားဝင် ကုန်သွယ်မှု တိုးပွားလာကာ တရားမဝင် ကုန်သွယ်မှု ပပျောက်စေရေး အတွက် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Source: Xinhua Myanmar,** https://news.ydnp.net/324983/

## ကြက်သားကို စိတ်ချလက်ချစားသုံးနိုင်ပြီး အန္တရာယ်မရှိဟု မွေးမြူရေးအဖွဲ့ချုပ်ဆို



ကြက်သားကို စိတ်ချလက်ချစားသုံးနိုင်ပြီး အန္တရာယ်မရှိကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် မွေးမြူရေးအစာအသင်း ဒုဥက္ကဋ္ဌ ဒေါက်တာလှလှသိန်းက ဇန်နဝါရီ ၁၉ ရက်က မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။ ဇန်နဝါရီ ၁၃ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့တွင်ပြုလုပ်ခဲ့သည့် (၄၈)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးသုတေသနညီလာခံတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပနှင့် သဃ်န်းကျွန်းမြို့နယ်ရှိ ဈေးများတွင်ရောင်းချနေသော ဗမာကြက်သားအစိမ်းနမူနာ ၂၈ မျိုးနှင့် အသားတိုးမွေးမြူရေးကြက်သားအစိမ်း နမူနာ ၂၈ မျိုးတို့ကို ဝယ်ယူ၍ FDA (ရန်ကုန်) တွင် ဓာတ်ခွဲစမ်းသပ်ခဲ့ရာ ဆယ်မိုနဲလားပိုးများတွေ့ခဲ့ရပြီး ထိုပိုးများမှာ ပဋိဇီဝပိုးသတ်ဆေးယဉ်ပါးနေသည်ကိုတွေ့ရှိခဲ့ရကြောင်း စာတမ်းတစ်စောင်တွင် ထည့်သွင်းဖတ်ကြားခဲ့ခြင်းဖြစ်သည်။ ''တချို့ကလည်း ကြက်သားက တကယ်ရော စားလို့ရရဲ့လားဆိုပြီးမေးတယ်။ မေးတဲ့သူတွေရဲ့မေးခွန်းတိုင်းက မစားချင်တာမဟုတ်ဘူး။ လူတွေရဲ့စိတ်မှာ စားချင်လျက်သားနဲ့ ဟုတ်နေပြီလားဆိုတာ မေးတဲ့အတွက် စိတ်မကောင်းဘူး။ စားဖို့အတွက် သံသယဝင်သွားတယ်။ ဒါကအန္တရာယ်မရှိဘူး။ အန္တရာယ်မရှိဘူးလို့ပြောရခြင်းက ရန်ကုန်မြို့တွင် နေ့စဉ်ကြက်ကောင်ရေ သုံးသိန်းရောင်းချနေတဲ့အထဲက နမူနာက အနည်းငယ်ပဲယူ သုတေသနလုပ်ပြီး စာတမ်းမှာထည့်ဖတ်တာဖြစ်တယ်။ ဒါသည် ၁၀၀ ရာခိုင်နှုန်းစားသုံးလို့ရတယ်။ အန္တရာယ်မရှိဘူး။ သူက လူကိုကူးစက်တဲ့ရောဂါလည်းမဟုတ်ဘူး။ အဲ့ဒီသေးသေးလေးနဲ့ ကောက်ချက်ချလို့မရဘူး။ ဆယ်မိုနဲလားပိုးက ကြက်သားထဲမှာပါတာလည်း ဟုတ်ချင်ဟုတ်မယ်။ ကြက်သားမှမဟုတ်ဘဲ အခြားကနေဖြစ်နိုင်တဲ့ အကြောင်းတွေအများကြီးရှိတယ်။ နောက်တစ်ခုက ကြက်သားမှာ ဆယ်မိုနဲလားသည် လုံးဝသုညပဲရှိတယ်လို့ တစ်ကမ္ဘာလုံးက ဘယ်သူမှမသတ်မှတ်ထားဘူး။ သူသည် သက်ရှိမို့လို့ ငါးမှာလည်းရှိတယ်။ ဒါပေမဲ့ လူစားတဲ့ဖြစ်စဉ်မှာ အန္တရာယ်မရှိတဲ့အဆင့်ဖြစ်နေလို့ လူတွေအတွက် အန္တရာယ်မဖြစ်ဘူး''ဟု ၎င်းက ပြောသည်။

အကျိုးဆက်ကြောင့် ပြည်သူလူထုအကြား စိုးရိမ်မှုမြင့်တက်ခဲ့ပြီး ကြက်သားစားသုံးမှု လျော့နည်းကျဆင်းခဲ့ကာ ဈေးကွက်အတွင်း ကြက်သားတစ်ပိဿာလျှင် ကျပ် ၂,၀၀၀ ခန့်အထိ ဈေးနှုန်းကျဆင်းခဲ့သည်ဟုသိရသည်။ ''စားသုံးသူက ကြက်သားပေါ်မှာ ယုံကြည်မှုမရနိုင်တော့ဘူး။ အခုဆိုရင် ကြက်သားဈေးက ၂,၀၀၀ အထိပြုတ်ကျသွားတယ်။ ဒါကမဖြစ်သင့်ဘူး။ သုတေသနသည် ဘာကြောင့်ဒီလိုဖြစ်တယ်ဆိုတာကို ဆေးသုတေသနဌာနက ဆရာမတို့ဖြစ်စေချင်တာက သူတို့ အဲဒီလိုတွေ့ရှိတယ်ဆိုရင် ကြက်သားက ဘယ်နေရာကလာသလဲ။ သူ့ကိုဘယ်လို Consent လုပ်ပြီးယူလာသလဲ။ အဲဒီနေရာမှာလည်း သူကထပ်တွေ့သေးတယ်ဆိုရင် ဒီကြက်ဘယ်ဆိုင်ကဖမ်းလာသလဲ။ သုတေသနလုပ်ငန်းမှာ နောက်ကြောင်းပြန်ပြီး လိုက်ရ

တယ်။ ဒါပေမဲ့ ဘာလို့သူတို့ ဆုံးအောင်မလိုက်ရသလဲဆိုတာကိုတော့ စိတ်မကောင်းဖြစ်မိတယ်။ လူ့ကျန်းမာရေးနဲ့ တိရစ္ဆာန်ကျန်းမာရေးသည် ONE HEALTH APPROACH သွားနေတဲ့အချိန်မှာ ဒီလိုပြဿနာဖြစ်လာတော့ စိတ်ထဲမကောင်းဘူး"ဟု ၎င်းက ဆက်လက်ပြောသည်။

ကြက်သားကို ကျက်အောင်ချက်ပြုတ်ရန်လိုအပ်ပြီး ကျက်အောင်ချက်ပြုတ်ပါက ၎င်းတွင်ပါဝင်သည့် ဆယ်မိုနဲများသေဆုံးသွားမည်ဖြစ်ကာ ကြက်သားအစိမ်းများကို အခြားအစားအသောက်များနှင့် ရောနှောမထားသင့်ဘဲ စတင်ဖြစ်ပေါ်လာသည့်အကြောင်းအရင်းများကို သုတေသနများ လုပ်ဆောင်မည်ဖြစ်ကြောင်း ဆေးသုတေသနဦးစီးဌာနမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/134088.html

## မြန်မာ့ဆန်စပါးစံချိန်စံညွှန်း နောက်ဆုံးအဆင့်ရောက်ရှိ

မြန်မာ့ဆန်စပါးစံချိန်စံညွှန်းမှာ နောက်ဆုံးအဆင့်ကိုရောက်ရှိနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရပါတယ်။ အဆိုပါစံချိန်စံညွှန်းကို မြန်မာ့ဆန်စပါးစံချိန်စံညွှန်းကော်မတီကိုပို့လိုက်ပြီဖြစ်ပြီး ညှိနှိုင်းဆွေးနွေးမှုများ ထပ်မံလုပ်ဆောင်သွားမှာဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ရုံးအဖွဲ့မှူး ဦးမြင့်လွင်ကပြောပါတယ်။

မြန်မာ့ဆန်စပါးစံချိန်စံညွှန်းကော်မတီကို လှမ်းပို့လိုက်ပြီ။ လိုအပ်ရင်အစည်းအဝေးတွေခေါ်မယ်၊ ညှိနှိုင်းပြင်ဆင်တာတွေလုပ်မယ်။ ဘယ်လိုထုတ်ပြန်မလဲ၊ ဘယ်အဆင့်ကနေ ထုတ်ပြန်မလဲညှိနှိုင်းမယ်၊ စံချိန်စံညွှန်းအနေနဲ့သွားမလား၊ ဝန်ကြီးဌာနထုတ်ပြန်ချက်နဲ့သွားမလားဆိုတာတွေကို ဆွေးနွေးသွားမှာပါ။ မြန်မာ့ဆန်စပါးစံချိန်စံညွှန်းကို ညှိနှိုင်းပြင်ဆင်ဆွေးနွေးမှုများလည်း စီစဉ်လုပ်ဆောင်သွားမှာဖြစ်ကြောင်း အဆိုပါအသင်းချုပ်မှသိရပါတယ်။ မြန်မာ့ဆန်စပါးစံချိန်စံညွှန်းကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နဲ့ International Finance Corporation တို့မှ ပူးပေါင်းဆောင်ရွက်တာဖြစ်ကြောင်းလည်းသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/rice_standard_get_to_final_stage

## မကွေးတွင် ရာသီဥတုဖောက်ပြန်လာမှုကြောင့် အာလူးထက် ကြက်သွန်စိုက်ပျိုးသူပိုများ



ရာသီဥတုဖောက်ပြန်မှုနဲ့ ဈေးကွက်အလားအလာကြောင့် မကွေးမြို့နယ် ယင်းချောင်းတလျှောက်ကျေးရွာတွေက တောင်သူတွေဟာ အာလူး ထက် ကြက်သွန်စိုက်ပျိုးမှု ပိုများလာတယ်လို့သိရပါတယ်။ အာလူးက ကြက်သွန်လောက်ရာသီဥတုဒဏ်ကို မခံနိုင်တာရယ်၊ ကုန်ကျစရိတ် မြင့်မားတာတွေကြောင့် စိုက်ပျိုးသူနည်းလာတယ်လို့လည်းသိရပါတယ်၊ ကြက်သွန်နဲ့အာလူးကို ဒီဇင်ဘာလထဲမှာ စိုက်ပျိုးကြပြီး မတ်လထဲမှာ ရောင်းချမှုတွေ ပြုလုပ်ကြတယ်လို့ သိရပါတယ်။

ရာသီဥတုကိုကြောက်လို့ ဒီနှစ်မှာကြက်သွန်ပဲအစိုက်များပြီး လက်ရှိ ရာသီဥတုအခြေနေနဲ့ဆို အဆင်ပြေတယ်လို့ ကြက်သွန်၊ အာလူး စိုက်ပျိုးသူ ဒေါ်ကြင်စိန်ကပြောပါတယ်။ "အာလူးကိုဝယ်စိုက်ရတာ တစ်ပိသာကျပ် ၁၂၀၀ ဈေးပေါ့၊ ပေါ်ချိန်မှာ တစ်ပိသာကို ကျပ် ၈၀၀ လောက်ဘဲရတယ်၊ ကျပ် ၁၀၀၀ ကနေ ကျပ် ၁၅၀၀ လောက်ရောင်းရရင် မဆိုးပါဘူး။ ဒါကြောင့် အာလူးစိုက်သူတွေ နည်းလာတယ်။" အခုနှစ်စိုက်ပျိုးရာသီမှာ အာလူးနဲ့ကြက်သွန်မျိုးဈေးတွေမြင့်တက်သလိုချောင်းနဲ့သောင်ပြင်ပြုပြင်စရိတ်တွေ အကုန်အကျ များတဲ့အတွက် စိုက်ပျိုးမှုနည်းလာတယ်လို့ သိရပါတယ်။

တနှစ်ထက်တနှစ် ရာသီဥတုဖောက်ပြန်လာမှုတွေကြောင့် စိုက်ပျိုးရေးလုပ်ကိုင်သူတွေအနေနဲ့ အခက်အခဲတွေကြုံတွေ့လာရတယ်လို့ တောင်သူတွေကဆိုကြပါတယ်။ စိုက်ပျိုးရာသီမှာ ကြက်သွန်နဲ့အာလူးဈေးတွေမြင့်တက်လျက်ရှိပြီး သီးနှံတွေပေါ်ချိန်မှာတော့ ဈေးကျဆင်းနေတဲ့အတွက် စိုက်ပျိုးလုပ်ကိုင်သူတွေအနေနဲ့ အဆင်မပြေမှုတွေကြုံတွေ့နေရတယ်လို့ ယင်းဆိပ်

ကျေးရွာနေ ကိုမျိုးဝင်းကဆိုပါတယ်။

ကြက်သွန်နဲ့အာလူးပေါ်ချိန်မှာ ကြက်သွန်တစ်ပိသာကို ၇၀၀ ကျပ်ဝန်းကျင်နဲ့ အာလူးတစ်ပိသာ ကျပ်တစ်ထောင်ကျော် ရောင်းချရရင် စိုက်ပျိုးသူတွေအတွက်အဆင်ပြေတယ်လို့ စိုက်ပျိုးသူတွေကပြောပါတယ်၊ မကွေးမြို့နယ် ယင်းချောင်း တလျှောက်ကျေးရွာ ၃၀ ကျော်မှာ ကြက်သွန်၊ အာလူး စိုက်ပျိုးခြင်းကိုလုပ်ကိုင်ကြတာဖြစ်ပါတယ်။

**Source: DVB TV News**

https://www.facebook.com/kope.aung/posts/2559412680994608

## တရုတ်နှစ်သစ်ကူးနီး၍ မန်းပဲမျိုးစုံဈေးကွက် အရောင်းအဝယ်အေးသော်လည်း အိန္ဒိယသို့ပုံမှန်တင်ပို့မှုရှိ၍ မတ်ပဲဈေးတက်ရိပ်ပြ



တရုတ်နှစ်သစ်ကူးနီးချိန်နှင့်အတူ တရုတ်ငွေဈေးကျဆင်းနေမှုကြောင့် မန္တလေးဈေးကွက်အတွင်း ပဲမျိုးစုံဈေးကွက် အရောင်းအဝယ်အေးလျက်ရှိသော်လည်း အိန္ဒိယဈေးကွက်သို့ ပုံမှန်တင်ပို့မှုရှိနေပြီး မတ်ပဲဈေးနှုန်း ပြန်လည်မြင့်တက်လာကြောင်း ပဲကုန်သည်များနှင့်စက်ပိုင်များထံမှ သိရသည်။ "တရုတ်နိုင်ငံကို အဓိကသွားတဲ့ သီးနှံကုန်စည်တွေဖြစ်တဲ့ ပဲတီစိမ်းနဲ့ နှမ်းမျိုးစုံက အခုရက်ပိုင်းမှာ တင်ပို့မှုမရှိသလောက်ဖြစ်သွားတဲ့အတွက် ဈေးနှုန်းပိုင်းမှာတည်ငြိမ်နေသလို တရုတ်နှစ်သစ်ကူးပြီးချိန် ဖေဖော်ဝါရီ ဒုတိယပတ်အတွင်းမှာ ဝယ်လိုအားအနေအထားပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိမှာပါ။ အိန္ဒိယနိုင်ငံကတော့ သူတို့ဆီမှာ ရာသီဥတု ဖောက်ပြန်လို့ စိုက်ခင်းတွေပျက်စီးမှုရှိတဲ့အတွက် မြန်မာ နိုင်ငံဘက်ကနေ မတ်ပဲကိုအလုံးအရင်းဝယ်ယူလျက်ရှိပါတယ်။ ဈေးနှုန်းပိုင်းအနေနဲ့ တက်ရိပ်ပြနေသလို စားတော်ပဲကိုလည်း တမူးနယ်စပ်က တစ်ဆင့် တင်ပို့ ပေးနေရပါတယ်။ ဒီအချိန်ဆို ဈေးကွက်ထဲမှာ ပဲစင်းငုံ အသစ်တွေ ဝင်ရောက်မှုများရမှာဖြစ်ပေမယ့် အချိန် အခါမဟုတ် မိုးရွာသွန်းခဲ့လို့ အထွက်နောက်ကျပြီး အနည်းငယ်သာဝင်လို့ ပဲစင်းငုံတွေကို အိန္ဒိယဈေးကွက်အတွက် မျှော်မှန်းပြီးတော့ လှောင်လက်တွေက အများဆုံးဝယ်ယူနေကြတာဖြစ်ပါတယ်"ဟု မန္တလေးပဲကုန်စည်ဒိုင်မှ ကုန်သည် ဦးကျော်ကျော်က မြန်မာတိုင်းမ်နေ့စဉ်သို့ပြောကြားသည်။

ဈေးကွက်အရောင်းအဝယ်အေးနေခြင်းကြောင့် နှမ်းမျိုးစုံမှာ ဈေးနှုန်းအနည်းငယ်ကျဆင်းလာပြီး ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားများမှာမူ ပြည်တွင်းဈေးကွက် အခိုင်အမာရှိခြင်း၊ ပဲခွဲစက်များနှင့် ရန်ကုန်ဝယ်လက်များက ဝယ်ယူခြင်းတို့ကြောင့် ဈေးနှုန်းတည်ငြိမ်စွာ အရောင်းအဝယ်ဖြစ်နေကာ ပြည်တွင်းစားသုံးမှုများသည့် ပဲထောပတ်၊ ပဲကြီးတို့မှာ ဈေးနှုန်းပြောင်းလဲမှု မရှိဘဲ တရုတ်နှစ်သစ်ကူးပြီးချိန်တွင် မန္တလေးပဲဈေးကွက်မှာ ပြန်လည်သက်ဝင်လှုပ်ရှားလာမည်ဖြစ်ကြောင်းသိရသည်။

ယခုရက်ပိုင်း မန္တလေးဈေးကွက်တွင် ဖြစ်ပေါ်လျက် ရှိသည့် ပဲမျိုးစုံနှင့် သီးနှံဈေးနှုန်းများမှာ ကုလားပဲ (ထိုင်ဝမ်) တစ်အိတ် ကျပ် ၈၁,၀၀၀၊ ဗိုတူးတစ်အိတ် ကျပ် ၈၆,၀၀၀၊ မတ်ပဲ(သစ်) တစ်အိတ် ကျပ် ၁၀၃,၀၀၀၊ ပဲစင်းငုံနီ(သစ်) တစ်အိတ် ကျပ် ၇၀,၅၀၀၊ စားတော်ပဲ (ကနေဒါ) တစ်အိတ် ကျပ် ၆၈,၀၀၀၊ ပဲတီစိမ်းရွှေဝါ (ခရမ်း) တစ်အိတ် ကျပ် ၁၂၄,၀၀၀၊ ပဲကြီးတစ်အိတ် ကျပ် ၁၀၅,၀၀၀၊ ပဲထောပတ်တစ်အိတ် ကျပ် ၁၁၀,၀၀၀၊ နှမ်းဖြူတစ်အိတ် ကျပ် ၁၄၀,၀၀၀၊ နှမ်းညိုတစ်အိတ် ကျပ် ၁၂၈,၀၀၀ နှင့် နှမ်းနက်(စမုန်) တစ်အိတ် ကျပ် ၂၃၀,၀၀၀ ရှိကြောင်း ဈေးကွက်အတွင်းမှသိရသည်။

**Source: The Myanmar Times**

https://www.facebook.com/kope.aung/posts/2559348494334360

## ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့ကားဈေးကွက်တွင် မြင့်မားစွာဆက်လက်ရပ်တည်မည်ဟု တိုယိုတာမျှော်မှန်း

ဂျပန်နိုင်ငံမှ မော်တော်ကားထုတ်လုပ်သည့် တိုယိုတာကော်ပိုရေးရှင်းသည် ကမ္ဘာ့ထိပ်တန်းမော်တော်ကား ဈေးကွက်

ဖြစ်သည့် တရုတ်နှင့်အမေရိကန်တို့၏ဈေးကွက်များ အနည်းငယ်အေးသွားသော်လည်း ၂၀၂၀ ပြည့်နှစ်တွင် အမြင့်ဆုံးဆက်လက်ထိန်းထားနိုင်မည်ဟု မျှော်မှန်းထားပါသည်။ အော်တိုမော်တော်ကားထုတ်လုပ်သည့် ကမ္ဘာ့ကျော် ကုမ္ပဏီကြီးများသည် ၎င်းတို့၏ ထုတ်လုပ်ရောင်းချမှုကို မြှင့်တင်ဆောင်ရွက်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များကို လျှော့ချခြင်း၊ Self-driving မော်တော်ယာဉ်များနှင့် လျှပ်စစ်စွမ်းအင်အသုံးပြုသည့် မော်တော်ယာဉ်များထုတ်လုပ်ခြင်းစသည့် နည်းပညာအသစ်အဆန်းများကို တီထွင်ဆောင်ရွက်လာကြသဖြင့် မော်တော်ကားထုတ်လုပ်ရောင်းချမှုဈေးကွက်၏ ပြိုင်ဆိုင်မှုလည်း မြင့်မားလာပါသည်။ ဂျပန်မှ မော်တိုကားထုတ်လုပ်သည့် တိုယိုတာအနေဖြင့် လာမည့် ၂၀၂၀ ပြည့်နှစ်တွင် အစီးရေ ၁၀.၇၇ သန်းအထိ ရောင်းချသွားရန် ပြင်ဆင်နေပါကြောင်း၊ ယခုဒီဇင်ဘာလအကုန်တွင် စီးရေ ၁၀.၇၂ သန်းရောင်းချရန် ဆောင်ရွက်သွားမည်ဟုဆိုပါသည်။ ဂျာမနီနိုင်ငံမှ Volkswagen ကား ထုတ်လုပ်မှုသည် လွန်ခဲ့သည့် ၅ နှစ်ကျော်ကာလက ထိပ်တန်းရောင်းအားအကောင်းဆုံး စာရင်းဝင်ဖြစ်ခဲ့ပြီး ၂၀၁၈ ခုနှစ်အတွင်းက MAN နှင့် Scania ထရပ်ကားကြီးများအပါအဝင် အစီးရေ ၁၀.၈၃ သန်းခန့် ထုတ်လုပ်ရောင်းချခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-ဂျပန်**

## သတ္တမအကြိမ်မြောက် ဂျပန်-တောင်ကိုရီးယား ပို့ကုန်ထိန်းချုပ်ရေးမူဝါဒဆိုင်ရာ ဆွေးနွေးပွဲကျင်းပခဲ့

ဒီဇင်ဘာလ ၁၆ ရက်နေ့က ဂျပန်နိုင်ငံ၊ စီးပွားရေး၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီး ဌာနနှင့် တောင်ကိုရီးယားနိုင်ငံ၊ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနတို့အကြား သတ္တမအကြိမ်မြောက် ဂျပန်-တောင်ကိုရီးယား ပို့ကုန်ထိန်းချုပ်ရေး မူဝါဒဆိုင်ရာ ဆွေးနွေးပွဲ ကို ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များက ပို့ကုန်ထိန်းချုပ်ရေးအစီအမံများနှင့် ဘေးအန္တရာယ်ရှိသည့် နည်းပညာများဆိုင်ရာ စိန်ခေါ်မှုအခြေအနေများကို အချင်းချင်း အမြင်ချင်း ဖလှယ်ခဲ့ကြပါသည်။ နှစ်နိုင်ငံစလုံးမှ ပို့ကုန်ထိန်းချုပ်ရေး ဆိုင်ရာ ထိပ်တန်းအရာရှိများသည် တိုကျိုတွင်တွေ့ဆုံကာ ပြီးခဲ့သည့်လများကဖြစ်ပွားခဲ့သည့် စီးပွားရေးပိုင်းမပြေလည်မှုများနှင့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးတင်းမာခဲ့မှုများကို ပြန်လည်ရင်ကြားစေ့နိုင်ရေးအတွက် မူလလျာထားသည်ထက် ၃ နာရီခန့်ပိုကာ ၁၀ နာရီ ကြာခန့်ဆွေးနွေးခဲ့ကြပါသည်။ ဂျပန်နိုင်ငံ၊ စီးပွားရေး၊ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာနက နှစ်နိုင်ငံအကြား ပို့ကုန်ထိန်းချုပ်ရေး အစီအမံဆိုင်ရာကိစ္စရပ်နှင့် လက်နက်ပြုလုပ်ရာတွင် အသုံးပြုနိုင်သည့် ကုန်ပစ္စည်းများ ပြန့်နှံ့လာမှုမှတားဆီးနိုင်ရန် ချမှတ်ထားသည့် ပို့ကုန်ထိန်းချုပ်ရေး အစီအမံနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များအပါအဝင် မူဝါဒပိုင်းဆောင်ရွက်မှုများကိုဆွေးနွေးခဲ့ကြပါသည်။ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ဂျပန်နိုင်ငံ၏ တောင်ကိုရီးယားနိုင်ငံမှနည်းပညာဖြင့် ကုန်ပစ္စည်းများတင်ပို့မှုအပေါ် တင်းကျပ်သည့်စည်းမျဉ်းများ ချမှတ်ခဲ့သည့်အတွက် နှစ်နိုင်ငံဆက်ဆံရေး တင်းမာလာခဲ့ခြင်းဖြစ်ပါသည်။ လက်ရှိ၌ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာနက အီလက်ထရောနစ်စက်မှုလုပ်ငန်းများနှင့် ဆီမီးကွန်ဒတ်တာများ ထုတ်လုပ်မှုအတွက် မရှိမဖြစ်အရေးပါသည့် photoresist ကို တောင်ကိုရီးယားနိုင်ငံသို့တင်ပို့ရန် ဂျပန်နိုင်ငံမှကုမ္ပဏီတစ်ခုအား ခွင့်ပြုပေးခဲ့ပါသည်။ နောက်တစ်ကြိမ် မူဝါဒပိုင်းဆွေးနွေးပွဲ ထပ်မံကျင်းပမည့်နေ့ရက်ကို အတိအကျသတ်မှတ်ထားခြင်းမရှိသေးသော်လည်း မကြာမီကာလအတွင်း တောင်ကိုရီးယားနိုင်ငံ၏ မြို့တော်ဆိုးလ်တွင်ကျင်းပသွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအစိုးရအရာရှိများက ပြောကြားခဲ့ပါသည်။ ထို့အပြင် ယခုကဲ့သို့ ပို့ကုန်ထိန်းချုပ်ရေးနှင့်ပတ်သက်သည့် ဆွေးနွေးပွဲများ၊ ဆက်ဆံဆောင်ရွက်မှုများကို ဆက်လက်အကောင်အထည်ဖော်သွားရန် နှစ်ဘက်စလုံးကသဘောတူညီခဲ့ကြပြီး အကျိုးရလဒ်အနေဖြင့် နှစ်ဘက်စလုံးအနေဖြင့် ပို့ကုန်ထိန်းချုပ်ရေးအစီအမံများအပေါ် အပြန်အလှန်နားလည်မှုကို ချဲ့ထွင်နိုင်ခဲ့ကြပါသည်။ တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ ခရစ်စမတ်အကြိုနေ့တွင် trilateral summit ၏ ပူးတွဲအစည်းအဝေးအနေဖြင့် one-on-one meeting ကို ကျင်းပမည်ဖြစ်ပါသည်။

**Source: စီးပွားရေးသံမှူး-ဂျပန်**

# STOCK EXCHANGE (21.1.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 21st Jan. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 1,520 | 17,480,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,900 | +50 | +1.30% | 3,850 | 3,900 | 3,850 | 4,491 | 17,290,400 | 38,929,150 | 151,824 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 150 | 1,215,000 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 4 | 92,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | +50 | +1.75% | 2,900 | 2,900 | 2,900 | 75 | 217,500 | 12,823,224 | 37,187 |


## Market summary

As of 21st Jan. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 468.78 | +1.89 | +0.40% | 467.36 | 468.78 | 467.36 | 6,240 | 36,294,900 | 5 | 641,913 |

### Index chart




## Market Overview

As of 12:00 pm, 21st Jan. 2020

| MYANPIX | 467.36 ▲ 0.47 |
|---|---|
| Total Volume (shares) | 6,100 |
| Total Value (MMK) | 35 mil |
| Listed Company | 5 |
| Market Cap. (MMK) | 639,966 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,850 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 50 |